မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# မသန္တာ ပါ – ၃ ဦးအား ပြစ်မှုကြီးအမှတ် – ၉၃/၂၀၀၇ ဖြင့် ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ– ၁၃ (၁) အရ – အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည့်အပေါ် ဥပဒေ ရေးရာသုံးသပ်ချက်

## အမှုဖြစ်စဉ်အကျဉ်း

မြဝတီမြို့ –သင်္ကန်းညီနောင် စစ်ဆေးရေးဂိတ်တွင် ( ၂၃၊ ၄၊ ၂၀၀၇)ရက်နေ့က မသန္တာ (ဘ /ဦးခင်ညို) အား ဖမ်းဆီးခဲ့သည်။ မသန္တာသည် ( ၅၊ ၄၊ ၀၇) နေ့တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ကိုပါကြီး၊ ဦးတင်ကြည်၊ ဦးလှဦး၊ ဦးအောင်ဘညိုတို့နှင့် အတူသွားရောက်ခဲ့ပြီး ပြန်လာခဲ့သည်။ မသန္တာအား မြဝတီသင်္ကန်းညီနောင်ဂိတ်တွင် လည်းကောင်း၊ ဦးတင်ကြည်၊ ဦးလှဦးတို့အား ဖားအံ တံတားဂိတ်တွင်လည်းကောင်း ဖမ်းဆီးခဲ့ပါသည်။ ၎င်းတို့ ၃ ဦးမှာ နိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက်တစုံတရာမရှိဘဲ၊ ထိုင်းနိုင်ငံမဲဆောက်မြို့သို့ ရောက်ရှိပြီး တရားမဝင်နည်းလမ်းဖြင့် ပြန်လည်ဝင်ရောက်ခဲ့သည်ဟု ဆိုကာ ဒုရဲမှူးမြင့်အောင်မှ ရန်ကုန် အနောက်ပိုင်းခရိုင် တရားရုံးတော်၌ တရားလိုပြုလုပ်၍ ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည့်အမှုဖြစ်သည်။

## မူရင်း ဥပဒေ ပုဒ်မ အဓိပ္ပါယ်

၁၉၄၇–ခုနှစ်၊လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ – ပုဒ်မ – ၁၃ (၁)။

" ဤအက်ဥပဒေပါ – ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့် ဖြစ်စေ၊ ပြည်တွင်းဝင်ရောက်နေထိုင်ခွင့်လက်မှတ် – သို့တည်းမဟုတ် ပြည်ဝင်ဗီဇာတွင် ဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ဖြစ်စေ ဆန့်ကျင်လျှက် ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက် သူသည် သို့တည်းမဟုတ် ဝင်ရန်အားထုတ်သူသည် သို့တည်းမဟုတ် တရားဥပဒေနှင့် အညီဝင်ရောက်ပြီးမှ အထက်တွင်ဆိုခဲ့သည့် အတိုင်း ဆန့်ကျင်လျှက် ပြည်ထောင်စု မြန်မာနိုင်ငံတွင်နေသူသည် သို့တည်းမဟုတ် နေရန်အားထုတ်သူသည် (အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ် ၁၅၀၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ) စီရင်ခြင်းခံရမည်။"

## တရားလိုဘက်မှ အဓိကတင်ပြချက်

မြဝတီ သင်္ကန်းညီနောင် စစ်ဆေးရေးဂိတ်တွင် မသန္တာထံမှ သက်သေခံ (ခ)၊ (ဂ)၊ (ဃ) ရှာဖွေပုံစံဖြင့် ဆန့်ကျင်စာရွက်စာတမ်းများ၊ ဗွီဒီယို ကင်မရာ၊ ငွေများနှင့် ရှာဖွေတွေ့ရကြောင်း၊ ဖါးအံ သတင်းတပ်ဖွဲ့မှ ရဲအုပ် အောင်ကျော် (လိုပြ–၂) က ဦးတင်ကြည်၊ ဦးလှဦး တို့အား ဖါးအံဂိတ်တွင် ဖမ်းဆီးရမိကြောင်း၊ သက်သေခံ–(င) မှတ်တမ်းအရ တွေ့ရသည်။

တရားခံ ၃–ဦးမှာ နိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက် တစုံတရာမရှိဘဲ၊ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ရောက်ရှိပြီး၊ တရားမဝင်နည်းလမ်းဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း၊ ပေါ်ပေါက်သဖြင့် ဤပုဒ်မ အရစွဲတင်ခြင်း ဖြစ်သည်။

**တရားခံဘက်မှ အဓိက တင်ပြချက်**

တရားခံ ၃–ဦး စလုံးမှ မဲဆောက်သို့ အများသူငါ သွားလာသည့် လမ်းမှပင် အခကြေးငွေပေးဆောင်ကာ သွားရောက်ခြင်းဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်ရာတွင်လည်း အများသွားလာသည့် နယ်စပ်ဂိတ်မှပင် ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် အပြစ်မရှိကြောင်း၊ ဂတိသစ္စာပြု အစစ်ခံဖြေရှင်းကြသည်။

**ဥပဒေ ရေးရာ သုံးသပ်ချက်**

၁။ မဲဆောက်မြို့သို့ သွားရောက်ခဲ့စဉ်က အများသူငါ သွားလမ်းမှပင် အခကြေးငွေ ပေးဆောင်ကာသွားရောက်ခဲ့ခြင်းမှာ တရားဝင်သွားလာခြင်းဖြစ်သည်။ သတ်မှတ်ကာလ ကျော်လွန်နေထိုင်ခဲ့ခြင်း ဖြစ်သော်လည်း ဤဥပဒေ ပုဒ်မဖြင့် စွဲဆိုပိုင်ခွင့် မရှိပါ။

၂။ လက်ရှိ အနေအထားအရ မြဝတီ နယ်စပ်ဂိတ်သည် ထိုင်းနိုင်ငံသို့ သွားရောက်ခွင့်သာ ခွင့်ပြုခြင်းဖြစ်ပြီး၊ ပြန်လည်ဝင်ရောက်ခြင်းအတွက် ဝင်ရောက်ခွင့် ထပ်မံရယူရခြင်းမရှိပါ။

၁၉၄၈–ခုနှစ်၊ မြန်မာနိုင်ငံကူးလက်မှတ် နည်းဥပဒေ ပုဒ်မ–၅၊ အရ နိုင်ငံကူးလက်မှတ် မရှိဘဲ၊ ရေလမ်း (သို့မဟုတ်) လေလမ်း (သို့မဟုတ်) ကုန်းလမ်းမှ မဝင်လာရ ၊ ပြဋ္ဌာန်းချက်တွင်

–မြန်မာ နိုင်ငံသားများ

–နယ်စပ်နယ်နိမိတ်မှ ၂၅–မိုင်ထက်ကျော်၍ ဝင်လာသူများနှင့် မသက်ဆိုင်၊ ဟု အတိအလင်း ပြဋ္ဌာန်းထား သဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်း မဟုတ်ပါ။

၃။ မသန္တာကို သက်န်းညီနောင် စစ်ဆေးရေးဂိတ်၊ မြဝတီမြို့တွင် (၂၃–၄–၂၀၀၈) ရက်နေ့က ဖမ်းဆီးခဲ့ပြီး၊ ဦးတင်ကြည်နှင့် ဦးလှတင် တို့ကို ဖါးအံမြို့ စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခဲ့သောကြောင့် ၄င်းမြို့များတွင်သာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိပါသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပုဒ်မ–(၁၇၇) အရ–"ပြစ်မှုတိုင်းကို သာမန်အားဖြင့် ပြစ်မှု ကျူးလွန်ရာနယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေး စီရင်စေရမည်။"ဟု ဖော်ပြတားသည့်အတွက် ယခုအမှုအား ရန်ကုန် အနောက်ပိုင်းခရိုင် တရားရုံးတွင် စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ သတ်မှတ်ထားသည့် နယ်မြေစီရင်ပိုင်ခွင့် အာဏာ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။

၄။ ၁၉၄၇–ခုနှစ်၊ လူဝင်မှု ကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ ပုဒ်မ–၁၃ (၁) မှာ မိမိနိုင်ငံသားများကို စွဲဆိုအပြစ်ပေးရမည့် ဥပဒေမဟုတ်ဘဲ၊ တိုင်းတပါးသား နိုင်ငံခြား သား က မိမိနိုင်ငံအတွင်း ဝင်ရောက်လာပါက အရေးယူအပြစ်ပေးရမည့် ဥပဒေ ပုဒ်မသာဖြစ်ကြောင်း အောက်ပါစီရင်ထုံးအရ အထင်အရှား ရှိပြီးဖြစ်ပါသည်။

မိုဟာမက် ရာဟုအာမင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ

၁၉၅၇–လွှတ်တော်ချုပ်–၂၅

ပါကစ္စတန်နိုင်ငံကူးလက်မှတ်ဖြင့် ကြိုတင်ဗီဇာရရှိပြီး၊ မြန်မာနိုင်ငံတွင် နေခွင့်ပြုထားသည့် ရက်ထက်ကျော်လွန်နေထိုင်သဖြင့် ဤပုဒ်မ–၁၃(၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရခြင်း ဖြစ်ကြောင်းတွေ့ရသည်။

ထို့ကြောင့် မိမိနိုင်ငံသားများအား ဤ ဥပဒေ ပုဒ်မဖြင့် စွဲဆိုအပြစ်ပေးခြင်းမှာ ဥပဒေအရမှားယွင်းမှု ဖြစ်ကြောင်းတွေ့ရသည်။

၅။ သို့ဖြစ်ပါ၍ အမှုတွဲပါ တရားခံ ၃–ဦးစလုံးအား ဤဥပဒေ ပုဒ်မဖြင့် စွဲဆို ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းမှာ ဥပဒေ အရမှားယွင်းသည့် အမိန့်စီရင်ချက်ဖြစ်ကြောင်း ဥပဒေရေးရာ သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

**ဥပဒေ ရေးရာ သုံးသပ်ရေး အဖွဲ့**
**မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ**

နေ့စွဲ–ဇူလိုင်လ (၁၅) ရက်၊၂၀၀၈–ခုနှစ်

အသေးစိပ် သိလိုလျှင်–
**ဦးမျိုး ( တာဝန်ခံ ) ဥပဒေရေးရာ သုံးသပ်ရေး အဖွဲ့၊ မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ။ (ဖုန်း–၀၈၆ ၂၁၆ ၀၁၀၈)**